**Title:** **“This moment”**

**Author:** **Maung Chit Yi**

**Source:** ***Section five from Coco Island***

**Date:** **1 June 1960**

**Translator:** **Nick Cheesman, Australian National University**

It was past midnight of December 1, 1958, around the strike of one. […]

The beam from a flashlight shining into the mosquito net accompanied by the sound of shoes woke my sleeping wife and me.

“Maung… get up… I think it’s the police. They’ve come right into the bedroom.”

“Huh… really?” I said, rolling from bed to outside of the net and coming face to face with Special Branch Inspector Ko Aung Hpe, holding the flashlight, and U Ba Thaung, at the head of the bedstead.

“Ah, you gents keep odd hours. Do tell, what’s the matter?” I asked, impatient for the disturbance to what was truly a very enjoyable sleep.

“Ko Hla Win… where’s he gone?”

“How’d I know? He sleeps at the room over that side. Ask that side.”

Ko Hla Win had been to college with me in ’45–46. That year we started out working in the student union together. After ’50, when I first went into newspapers, he crossed over to politics. In ’56 when he married my sister-in-law, Ma Khin Khin Kyi, since we were friends he came to live in the same house, working for income in the morning as a schoolteacher, in the afternoon working as associate secretary of the NUF [National United Front], Yangon District. […]

“He’s not in his room. We saw only his wife. Where do you think he’s gone? Where else could he sleep?” Inspector Ko Aung Hpe continued to ask, doubting my reply.

“Come, come, let’s go over and see his wife.” That’s all I could do. As I had no other reply I called the police officers from the head of the bedstead, out of the bedroom so as to meet Ko Hla Win’s wife, Ma Khin Khin Kyi.

“Right, Khin Khin Kyi… They say they want to see Ko Hla Win. Isn’t he at home? Didn’t he return home tonight?”

“He didn’t return… he had a meeting today at NUF. I don’t know if he had opportunities for a sleep when it was getting dark. We’ll undoubtedly see him tomorrow,” Khin Khin Kyi answered, trembling slightly as she was unsettled by what was happening.

“Well, if that’s the case then we want to search Ko Hla Win’s room. You and his wife stay and watch,” and saying this, the inspector searched the bedroom with his men. As nothing like this had ever happened to me before, I didn’t know what to do. I stood nearby watching where they rummaged.

Three officers went through everywhere, in the drawers under the mattress and the cupboards, on the table and bookshelf, scrutinizing the papers that fell from in between books and those from files.

Although they searched like this for close to an hour they found not a scrap that might infringe the law, and appeared to give up; then…

“There’s nothing. You don’t know where he’s sleeping?” This question came up again.

It was difficult. How was it for me to know?

“How’d I know?” was all that I could reply.

Inspector Ko Aung Hpe went out from the room being searched to talk softly with Captain Kyi, who was standing in darkness in the guestroom at the front of the house. I couldn’t hear what he said. […]

Captain Kyi left the guestroom and having rescinded his initial order to the police on guard outside, departed by car.

“Well, we have to search your room too,” Inspector Ko Aung Hpe said smilingly.

I figured that since they wanted to search my room since they had not found any papers or anything illegal in Ko Hla Win’s.

“Come search,” I said, leading the way to my bedroom so that the officers could search it. […]

Afterwards as they had searched and found nothing they left the room and again the question returned, “You don’t know where Ko Hla Win is sleeping?”

How was I to reply? I had already answered the question, hadn’t I?

“I don’t know,” was all I could groan.

Inspector Ko Aung Hpe thought a little and then, “Well, if that’s so then since we can’t see Ko Hla Win, I suppose you’ll come along with us for a moment.”

I thought he was just teasing. “Do I really have to come along?” was all I asked in reply.

“Really, come along for a moment.”

Inside me, I felt a small sensation that I had never experienced before. Since I was little I had kept far away from police stations. Just as I had tried not to wind up a defendant, I had also tried always to be tolerant and not wind up a plaintiff. But now it was going to happen. “A moment” I guessed meant that the police officers would take me along to the station, then they would interrogate me over and over about Ko Hla Win’s whereabouts, then they would release me. That’s all I imagined.

“Right, Yi, I have to go along with them for a moment. Get me some warm clothing,” I told my wife, who was sitting with the police officers near the dining room.

“Maung, your son is very frightened. Please take a moment to be with him.”

My wife pushed my middle son into my arms and then went into the room to get warm clothing.

In his father's arms, my seven-year-old middle son Chit Yi Lay wrapped himself around his father's neck in embrace, shaking with intense fear. His legs and arms were clammy, and I could hear his heartbeat. I pressed my cheek to his and hugged him tight.

My wife held out a coat, muffler and beanie that she had brought, and I went to pass our son to her.

Now it was bound to be difficult…

As I lifted him he held tighter to my neck, crying and sobbing bitterly, "Uh uh, daddy can't go along, can't go along." […]

I forcibly lifted my son into my wife's arms. I struggled violently to break free from his grasp. In this manner my son went from my arms to those of my wife, but the sound of his crying did not subside…

Not so much as washing my face, I put on the warm clothing and said, "Well, let's go."

Without a word passing with my wife, I went with the police officers out of the kitchen.

"Daddy can't go along. Don't take daddy. Daddy can't go. I'll tell granny." The sound of my middle son's wailing caused me great pain. I saw my wife's face fleetingly from a distance. Her eyelids were growing moist with tears.

"Yi, I'll only be gone a moment, alright?" This was all I said as I left the house and boarded the police officers' car.

I had nothing with me: just a set of clothes and a body.

Once in the Land Rover police car we went to the Kamayut Police Station.

Inspector Ko Aung Hpe called over the station duty officer and sitting at a table pulled the appropriate warrants out of his bag.

The arrest warrants were forms. Each was blank, with nothing filled in; only the bottom of the warrants already conveniently had the signature of the arresting officer, Special Branch Deputy Inspector General U Hpe Than.

Ko Aung Hpe asked my age, father's name and so on and then filled out the register. Then he handed the register to the duty officer in order to record in the daily diary that I had been arrested.

Only when it was all over and done with did I learn that I had been arrested under section 5(a) 1(b) law and order section.

"What prison do you want to go to?"

"Since you've arrested me, send me some place you think'll be good," was all that I could say. […]

In this manner on December 2, 1958 I arrived at the Insein Prison Annexe. From there, starting with Insein Central Prison I arrived at Prome Prison, Thayet Prison, and then the unforgettable Coco Island Prison. […]

My life is now simply the life of a section 5 detainee who cannot count the days to his release. Even people who have committed serious crimes like murder, armed robbery and rape can count the days to their release on their fingers.

But how can I count?

Now I doubt the expression "a moment". The term "a moment" that I and you the reader use is a moment with a time limit. However, "that moment" of which the police officers speak has no limit. "That moment" is a moment without end or beginning. This moment that has lasted one year, five months and 12 days has for me been a lifetime.

[Words: 1466]

သို့တည်းမဟုတ်ကျင့်သုံးရန် မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများ ထားရှိခွင့်ပြုသော၊ ပါလီမန်ဒီမိုကရေစီ စံနစ်ကိုပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားစေမည့် အကြောင်းဖြစ်ပေါ်စေသော၊ မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့(SECRET-POLICE)ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုးကိုသော်၎င်း၊ တည်ထောင်ရန်ကြိုးပမ်း အားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ပေးခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

(ဆ) အခြား နိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများမှဖြစ်စေ၊ ရပုံငွေအတွက်ငွေကြေး၊ သို့တည်းမဟုတ်၊ ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မတ်ပုံတင်အာဏာပိုင်၏ ကြိုတင်သဘောတူညီချက်မရဘဲ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

ထုတ်ဝေသူ(ပုံ) ဒေါ်[illegible]
လိပ်စာ ဗမာအမျိုးသမီးပုံနှိပ်တိုက်နှင့်စာတေရှင်နာရီတိုက်၊
အမှတ် - ၇၅၊ ၁၂-လမ်း-ရန်ကုန်မြို့။

မောင်ချစ်ရီ

ရေး

# ကိုကိုးကျွန်းမှ ပုဒ်မ ၅

★ အသဲနာကျည်းဘွယ်ကောင်းသော ကိုကိုးကျွန်း အကျဉ်းထောင်၏ အချုပ်သားဘဝကို သင့်အားပြောပါရစေ။

ပထမနှိပ်ခြင်း
အုပ်ရေ-၂၀၀၀
၁၉၆၀-ခုနှစ် ဇွန်လ(၁)ရက်

တာဝန်ခံပုံနှိပ်သူ
ဦးစောလှိုင်

ဗမာအမျိုးသမီးပုံနှိပ် တိုက်နှင့် စာတော်ရှင်နာဒီတိုက်
အမှတ်-၇၅၊ ၁၂-လမ်း-ရန်ကုန်မြို့

တာဝန်ခံထုတ်ဝေသူ
ဦးစောလှိုင်

ဖြန့်ချီသူ
လမ်းစဉ်စာပေဖြန့်ချီရေး

အမှတ်- ၉၉-မန္တလေးလမ်း- ကန်တော်ကလေး
ရန်ကုန်မြို့။

# မာတိကာ


| အစီအစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စာရေးသူ၏အမှာ | ၅ |
| ၂ | ဤခဏ | ၁၆ |
| ၃ | ဆေးတရူ ပေးသူမရှိပါလ | ၃၃ |
| ၄ | ရဲဆွေ အယ်ဒီတာ | ၆၆ |
| ၅ | မဂ်ဗို | ၈၂ |
| ၆ | သူခိုးဓါးပြစုံအညီ | ၁၀၈ |
| ၇ | ပေဖူးလွှာ ရင်မှာပိုက်ပါလို့ | ၁၃၀ |

# ဤခဏ

“ ခဏ ” ဟူသောစကားလုံးကိုတော့ ချစ်စွာသော စာဘတ်သူနှင့် စာရေးသူတို့မကြာမကြာပင်အသုံးပြုခဲ့ကြပါသည်။ ဤခဏဟူသောဝေါဟာရကို အသုံးပြုကြရ၀ယ်ကျွန်ုပ်တို့ ၂ဦးစလုံးအဖို့ သဘောကွဲလွဲဘွယ်ရာ မရှိသော်လည်း လက်တွေ့တွင်မူ သဘောကွဲလွဲရမည့်အခြေအနေကို ယနေ့စာရေးသူ ခံစားနေရပါသည်။

ဤခဏဟူသော စကားလုံးမှာ ချစ်စွာသောစာဘတ်သူ အတွက် မကြာမီအချိန်ကာလတခုဟု၍ နားလည် သဘောပေါက်လိမ့်မည်ဟု ယုံကြည်သော်လည်း စာရေးသူ အတွက်မှာမူ ဤခဏသည် ဘ၀တခုပင်ဖြစ်ခဲ့ပါသည်။

ချစ်စွာသောစာဘတ်သူ ရှင်းလင်းစေရန် တင်ပြပါမည်။

\+ \+ \+

၁၉၅၀-ခု ကုန်ဆုံးသော ဒီဇင်ဘာလ ၁ ရက်၏ ညသန်းခေါင် ကျော်တချက်ထိုးခန့်ဖြစ်ပါသည်။

ဆောင်းဥတု၏ ညသည် ရန်ကုန်တမြို့လုံးအား နှင်းကမ္ဗလာခြုံထည်နှင့် လွှမ်းထားသဖြင့် တမြို့လုံးတိတ်ဆိတ်စွာ အိပ်စက်၍ပင်နေကြလေပြီ။

ကျွန်တော်သည် တနေ့တာ၏ လုပ်ငန်းများ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ခြင်းဖြစ်သဖြင့် အလုပ်တိုက်မှ နေအိမ်သို့ ပြန်ခဲ့သည်



ကျွန်တော်၏ တနေ့တာလုပ်ငန်းမှာ မသေးလှပါ၊ ဖဆပလ အဖွဲ့မှာမှ နိုင်ငံရေးလှုပ်ရှားမှုကို အခြေခံကာ ကျွန်တော် အလွန်စေ့သနားပါခဲ့သော ‘လမ်းစဉ်သတင်းစာ’ ကိုထုတ်ဝေခဲ့သည်။

၁၉၅၀-ခုနှစ်တွင် လခစားဘ၀ဖြင့် ‘သူရိယသတင်းစာ’ တိုက်၌ စတင်ဝင်ရောက်လုပ်ကိုင်နေစဉ်ကပင်ဝါသနာကြောင့် မခိုမကပ်ဘဲ အလုပ်ကိုလုပ်ကိုင်ခဲ့သူ ကျွန်တော်အဖို့ ကိုယ်ပိုင်သတင်းစာထုတ်ဝေရာ၌ ပိုမိုကြိုးစား၍ပင် လုပ်ကိုင်ခဲ့သည်.

ထုတ်ဝေစဖြစ်ခြင်းကြောင့်ရှင်း ကျွန်တော်ကပိုမိုကြိုးစားခဲ့ရခြင်းဖြစ်သည်၊ နံနက်စောစော ၆ နာရီခန့် အိပ်ရာမှထကာ ကိုယ်လက်သုတ်သင်ပြီး ကော်ဖီသောက်ယင်း၌ပင် ယနေ့ထုတ်သတင်းစာ အားလုံးကိုဘတ်ရှုရသည်၊ မိမိသတင်းစာ၌မပါဘဲ လွတ်၍သွားခဲ့သောသတင်းများအား တေး၍ ထားကာ အချို့ဆက်၍ လိုက်သင့်သောသတင်းများအား ယနေ့လုပ်ရန်အလုပ်ဇယား၌မှတ်သားထားရသည်။

ယနေ့ရရန်ရှိသော ငွေများ ပေးရန်ရှိသောငွေများ မနက်ဖြန်ထုတ်အတွက်စက္ကူ စသည့် စသည့် ကိစ္စများအတွက် တိုက်အုပ် အလုပ်အဖြစ်ဆောင်ရွက်နေသောအကိုကြီးနှင့် ငွေကိုင်အဖြစ်နှင့်ရှင်း နေ့စာပြင်ဆရာအဖြစ်နှင့်ရှင်း၊ ဆောင်ရွက်နေသော ဇနီးသည်အား မှာကြားအကြံပေးခဲ့ကာတားတစီးဖြင့် နေအိမ်မှထွက်ခဲ့သည်။

တနေကုန်ပင် လမ်းစဉ်၏ ဝိုင်းတော်သားများ ဖြစ်သော ကိုတင်ကြည် မောင်ကိုကြီး မောင်မင်းစိန်တို့နှင့်အတူ တာဝန်ခွဲဝေကာ သတင်းလိုက်ကြရသည်၊ မြို့ရိုးအောက်ထက်ရှိ သတင်းထောက်အသင်းကို ဗဟိုပြုကာတမြို့လုံး ခရီးလှည့် ရှေ့စကြာဖြန့်

ရသည်၊ မကြာမကြာ သတင်းထောက် အသင်းတွင် ပြန်ဆုံကြ ကာ ကျန်ရှိ နေသေးသော သတင်း ရပြီးသတင်း စသည်တို့ကို စစ်ဆေးကာဆက်လိုက်ကြပြန်သည်။

နံနက်စာထမင်းသည် အခွင့်မသင့်သည့်အချိန်တွင် အငတ် ခံလိုက်ရသည်၊ နေ့စဉ်ပင် အများအားဖြင့် လဘက်ရည်နှင့်ပင် နံနက်စာပြီးလိုက်ရသည်ကများလေသည်။

ညနေ ၅ နာရီထိုးသည်နှင့်တပြိုင်နက်လူအိုရုံလမ်းရှိလမ်းစဉ် သတင်းစာတိုက်သို့ ပြန်ရသည်၊ နေ့အယ်ဒီတာကိုမောင်မောင် ထံမှ ကျန်ရှိနေသေးသော နယ်သတင်းများ နိုင်ငံခြား သတင်း များ စသည်တို့ကို လွှဲပြောင်းယူလိုက်ကာ ညအယ်ဒီတာအဖြစ် တိုက်တွင်ဆက်၍ ထိုင်လိုက်ရပြန်သည်။

နေ့တွင်သတင်းလိုက်ခဲ့သော ရေးဘော်များရေးသားခဲ့သည့် သတင်းများ တည်းဖြတ်ခြင်း၊ ခေါင်းကင်ခြင်းများ ပြုလုပ်ဆဲမှာ ပင် ကျွန်တော် လိုက်ခဲ့သော သတင်းများကိုလည်း မှတ်စုစာ အုပ်အား ကြည့်ကာရေးရသည်၊ ညဖိုမင်သို့ သတင်းစာအထား အသိုမှအစ အခက်အခဲအဝဝကို ဝင်ရောက်ကူညီ ဖြေရှင်းပေး ရသေးသည်။

ည ၈–နာရီခွဲခန့်တွင် နေအိမ်မှ ထမင်းချိုင့်ဖြင့် ဇနီးသည် ကိုယ်တိုင်လာပို့သော ထမင်းဟင်းများကို တိုက်တွင်ပင်အလုပ် လုပ်ယင်း ဖြစ်သလို စားလိုက် ရသည်၊ ညစဉ်ပင် ၁၂–နာရီ ကျော်တချက်လောက်၌ ဒုတိယဖေါင်ပိတ်ကာ အလုပ်သိမ်းပြီး အိမ်သို့ ပြန်ရသည်။

နေအိမ်သို့ ရောက်ချိန်တွင် ချစ်လှသော သားများ သမီးများ မှာ အိပ်၍ပင်နေကြလေပြီ။



သည်လိုနှင့်ပင် တနေ့တာသည် ကုန်ဆုံးခဲ့ရပြီးဇနီးသားသမီး များနှင့် အိမ်ထောင်သည်တို့၏ ဘဝအရသာကိုခံစားရန်ခဲယဉ်း လှလေသည်။

ကံကောင်းထောက်မ၍ သတင်းစာမပိတ်လျှင်မဖြစ်သောအ ခါကြီးရက်ကြီးများနေ့၌ငင်း၊ ခေါင်းဆောင်ကြီးများ၏မိန့်ခွန်း ရှည်ကြီးများမြွက်ကြားသည့်နေ့နှင့် ကြုံကြိုက်သည့် အခါများ တွင်ငင်း သို့မဟုတ် အောင်ဘာလေ သိန်းဆုဖွင့်သည့် နေ့များ တွင်ငင်း၊ သတင်းစာမျက်နှာအများအပြားကိုငင်းမိန့်ခွန်း၊ငင်း ထီပေါက်စဉ်တို့က သိမ်းကြုံးယူလိုက်သဖြင့် ညပိုင်းတွင် စော စောအားလပ်သွားတတ်သည်၊ ဤလို ကြုံကြိုက်ခဲ့သည့်ရက်များ တွင်မှ ဇနီးသည်အား ညဈေးတန်းသို့ပို့ခြင်း၊ ရုပ်ရှင်ရုံသို့ပို့ခြင်း ဆွေမျိုးသားချင်းများအိမ်သို့ပို့ခြင်း စသည်တို့ကို လုပ်ကိုင်ခြင်း ဇနီးသည်နှင့် သားသမီးများကို လူဆန်ဆန်ဆက်ဆံခဲ့ရလေသည် စကားရှည်သွားသည်ထင်ပါသည် ဆောင်းပါးအစတွင်ဖေါ်ပြ ခဲ့သော ဒီဇင်ဘာလ ၁–ရက်နေ့ညတချက်ထိုးကို ပြန်လည်စပါ ရစေ။

ဝ ဝ ဝ

နေအိမ်တံခါးကို ထ၍ ဖွင့်ပေးသော ဇနီးသည်က တံခါး ဖွင့်ပေးယင်း....

မောင်—ဒီနေ့ညဘို့,နက်လှပါကလားဟုပြောပါသည်။

ဟုတ်တယ်ရီ .... ဒီနေ့မောင် ကိုကြီးကိုတိုက်ထိုင်ခိုင်းခဲ့ပြီး၊ မောင်မယ်ရွေးပွဲကို မောင်သွားတာ အခုဘဲပြီးတယ်။

၁၉၅၀–ခုနှစ်၊ သတင်းစာလောကသို့ ရောက်ခဲ့ချိန်မှစ၍ ဒီနေ့အထိ ကျွန်တော့အဘို့ မောင်မယ်ရွေးပွဲကို တခါတခေါက်

မျှ မရောက်ခဲ့ဘူးပါ၊ ထိုနေ့ကအောင်ဆန်း ကစားကွင်းတွင် ကျင်းပသော ကိုယ်လက်ကြံ့ခိုင်ရေး မောင်မယ်ရွေးပွဲကို ကြည့်ရှုရန်ဆိုင်ရာမှ ဘိတ်စာရသဖြင့် ရောက်ဘူးလိုသောကျွန်တော်က ကိုယ်တိုင် တက်ရောက်သတင်းယူခဲ့ခြင်း ဖြစ်ပါသည်။

၎င်းရွေးပွဲပြီးသည်မှာ ညသန်းခေါင်ယံ အချိန်ဖြစ်ပြီး၊ ၎င်းရွေးပွဲတွင် ဆုရသောမောင်နှင့်မယ်များ၏ အမည်ကို သတင်းစာမျက်နှာဖုံးတွင် တမင်ချန်ထားသော နားရွက်နေရာ၌ ဘောင်ခတ်၍ရေးသားခဲ့ပြီး ၁၇–လမ်းရှိ ဟံသာဝတီ ဓါတ်ပုံသတင်းအယ်ဒီတာ ကိုစောလှ၏အိမ်တွင် ထမင်းစားကြပါသည်၊ ထမင်းစားကြသည်ဆိုသော်လည်း အမှန်မှာမနက်လေးရမ်နှင့် အမြီးဘာဖြစ်ပြီး ၎င်းပိုင်းတွင် ဟံသာဝတီမှ သတင်းထောက် ကိုသန်း၊ အဘ-ဦးအေးမောင်နှင့် မောင်တင့်လွင်၊ ကိုလှမောင်တို့ဖြစ်ပြီး၊ ကြေးမုံမှကိုရွှေမောင်ပါ ပါဝင်ခဲ့လေသည်။

ဤပိုင်းမှာ မကြာသော်လည်း ညတချက်ထိုးပြီဖြစ်၍ လူစုခွဲကာနေအိမ်အသီးသီးသို့ ပြန်ခဲ့ကြခြင်းဖြစ်ပေသည်။

မောင် .... ထမင်းစားအုံးမလား ထမင်းတွေဟင်းတွေ ချန်ထားတယ်။

'ဟင့်အင်း....မစားမတော့ဘူးကွာ လာအိပ်ကြပါစို့' ထုံးစံအတိုင်းပင် ထိုနေ့ညထမင်းကို လွှတ်လိုက်ပြီးအိပ်လိုက်ပါသည်။

○ ○ ○

ဝေါက်ဝေါက် ဘိနပ်သံနှင့်အတူ လက်နှိပ်ဓါတ်မီးမှ မီးရောင်သည် ချင်ထောင်တွင်းတွင် အိပ်စက်နေသော ကျွန်တော်နှင့်ဇနီးသည်အား အိပ်ယာမှနိုးစေပါသည်။



'မောင်...ထမပါအုံး.... ပုလိပ်တွေထင်တယ်၊ အိပ်ခန်းထဲ တောင်ရောက်နေပြီ'

'ဟင် ....ဟုတ်လား' ကျွန်တော်သည် ပြောပြောဆိုဆိုအိပ်ယာမှလူးလဲထကာ ခြင်ထောင်ပြင်ဘက်သို့ထွက်ခဲ့ရာ၊ ကုတင်ခေါင်းရင်းတွင် လက်နှိပ်ဓါတ်မီးကို ကိုင်ထားသော အထူးသတင်းထောက်လှမ်းရေးဌာန ရဲမှူး-ကိုအောင်ဖေနှင့် ဦးဘသောင်းတို့အား ရင်ဆိုင်တိုး၍နေသည်။

'ဟာခင်ဗျားတို့ကလဲ အချိန်မဟုတ်ဗျာ ဘာကိစ္စလဲဆိုစမ်းပါအုံး' အမှန်ကတော့ အလွန်နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်ခိုက်တွေကြုံရသော အနှောင့်အယှက် အတွက် စိတ်မရှည်နိုင်ဘဲ ကျွန်တော်က မေးမိခြင်းဖြစ်ပါသည်။

'ကိုလှဝင်း....ဘယ်သွားသလဲဗျ'

'ဘယ်သိမလဲ = သူအိပ်တာဟိုဘက် အခန်းမှာဘဲ ဟိုဘက်မေးပါ'

ကိုလှဝင်းမှာ ၄၅၊ ၄၆–ခုနှစ်တွင်ပင် ကျွန်တော်နှင့်အတူ ကောလိပ်သို့ရောက်ခဲ့ပြီး၊ ၎င်းနှစ်ကမင်စတင်၍ ကျောင်းသားသမဂ္ဂတွင် အတူလုပ်ကိုင်ခဲ့သူဖြစ်ပြီး ၅၀–ခုနှစ်အလွန် ကျွန်တော်သတင်းစာလောကသို့ ရောက်ချိန်မှစ၍ နိုင်ငံရေးလောကသို့ကူးလာသူဖြစ်ပြီး၊ ၅၆ ခုနှစ်တွင်ကျွန်တော်မရီးမခင်ခင်ကြည်နှင့် အိမ်ထောင်ကျကာ သူငယ်ချင်းဖြစ်သည့်အလျောက် ကျွန်တော်နှင့်တအိမ်တည်း နေထိုင်ကာဝင်ငွေရရှိရေးအတွက် နံက်ပိုင်းကျောင်းဆရာလုပ်၍ နေ့တွင်ရန်ကုန်ခရိုင် ပမညတ တွဲဘက်အတွင်းရေးမှူးအဖြစ် လုပ်ကိုင်နေသူဖြစ်ပါသည်။

ဤနေရာတွင်'ဘူးတလုံးဆောင် အိုအောင်မဆင်းရဲ'ဟူသော စကားအရ ကျွန်တော်တမသိဘူး တလုံးဆောင်လိုက်ခြင်း မဟုတ်ဘဲ တဂါယ်ပင်ကိုလှဝင်းနေအိမ်တွင် ရှိမရှိမသိခြင်းဖြစ်ပါသည်။

တအိမ်တည်းအတူ နေထိုင်ကြသော်လည်း နံက်တွင်ဇင်း အိပ်ရာမှမထမီပင် ကျွန်တော်က နေအိမ်မှထွက်ခဲ့ပြီး ညဇင်းအိပ် ချိန်နီးနေချိန်လောက်မှ နေအိမ်သို့ပြန်လည် ရောက်ရှိတတ်သော ကျွန်တော့အတွက် ကိုလှဝင်းဘယ်သွား၍ ဘာတွေလုပ်နေသည်၊ နေအိမ်တွင် အိပ်မအိပ်မှအစ မသိသူဖြစ်ပါသည်၊ ထိုကြောင့် ကျွန်တော်တမသိဘူးဟု ပြောလိုက်ခြင်းဖြစ်ပါသည်။

'သူ့အခန်းမှာမရှိဘူး၊ သူ့မိန်းမဘဲတွေ့တယ်ဗျ၊ သူဘယ် သွားတယ်ထင်သလဲ၊ တခြားဘယ်မှာ အိပ်တတ်သလဲ'ရဲမှူး ကိုအောင်ဖေက ကျွန်တော်၏ဘူးတလုံးကိုသံသယ ဖြစ်စွာဖြင့် ဆက်၍မေးနေသည်။

'လာ—လာ အပြင်ထွက်ရအောင် သူ့မိန်းမနှင့်တွေ့ပါအုံး လေ' ကျွန်တော်ကဒါဘဲတတ်နိုင်သည်၊ ဒီအပြင်ဘာအဖြေမှ မပေးတတ်သဖြင့် ကျွန်တော်၏ကုတင်ခေါင်းရင်းသို့ ရောက်ရှိ နေကြသော ရဲအရာရှိများအား အိပ်ခန်းအပြင်သို့ ခေါ်ခဲ့ကာ ကိုလှဝင်း၏ဇနီး မခင်ခင်ကြည်နှင့် ဆုံပေးပြီး။

'ဟဲ—ခင်ခင်ကြည် .... ကိုလှဝင်းတွေ့ချင်လို့တဲ့၊ အိမ်မှာမရှိ ဘူးလား၊ ဒီညပြန်မလာဘူးလား'

'ပြန်မလာဘူး .... သူ ဒီကနေ့ ပြေညတမှာတော့ အစည်းအ ဝေးရှိတယ်၊ မိုးချုပ်လို့ဗြိုရမှာများ ဝင်အိပ်နေသလားမသိဘူး၊



မနက်တော့ တွေ့မှာပေါ့လေ' ခင်ခင်ကြည်က ဖြစ်ရပ်အတွက် စိတ်မချမ်းမသာဖြင့် တုန်ရီစွာနှင့် ဤသို့ဖြေသည်။

'ဟဲ—ဒါဖြင့် ကိုလှဝင်းအခန်းကို ရှာချင်တယ် ခင်ဗျားနှင့် သူ့ဇနီးလဲ စောင့်ကြည့်ကြပါ' ဤသို့ရဲမှူးက ပြောပြောဆိုဆို ကိုလှဝင်း၏ အိပ်ခန်းကိုရှာကြသည်၊ ကျွန်တော်လည်းဤအဖြစ် မျိုးတခါမှ မကြုံဘူးသဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်း မသိဘဲ၊ မှေကြနှောက်ကြသည့် နေရာအနီးတွင်ရပ်၍ ကြည့်နေမိသည်။

မွေ့ယာအောက် အဝတ်သေတ္တာနှင့် ဘီဒိုများ၊ စားပွဲနှင့် စာအုပ်စင် အားလုံးသောနေရာများသို့ ရဲအရာရှိ ၃-ဦးတို့က ရှာကြသည်၊ စာအုပ်များကြားမှ ထွက်လာသမျှ စာရွက်များ ဗိုင်တွဲများမှ စာရွက်များကို အသေအချာ စစ်ဆေးဖတ်ရှုကြ သည်။

ဤသို့ တနာရီနီးပါးမျှ ရှာကြဖွေကြသော်လည်း ဥပဒေနှင့် ညီစွန်းမည့်မည်သည့်စာရွက်စာတမ်းမျှ တွေ့ပုံမပေါ်စိတ်လျှော့ လိုက်ကြပုံရပြီးနောက်....

ဘာမှမရှိပါဘူး သူဘယ်မှာအိပ်တယ်ဆိုတာ ခင်ဗျားမသိ ဘူးလား၊ ဤမေးခွန်းသည်တဖန်ပြန်ပေါ်လာပြန်ပေပြီ။

ခက်သည် ခက်ကောင်းခက်လသည် ကျွန်တော်အဘို့မည်သို့ သိနိုင်မည်နည်း။

ဘယ်သိမှာလဲဗျာ....ဒါဘဲဖြေနိုင်ပေသည်။

ရဲမှူး ကိုအောင်ဖေသည် ရှာဖွေနေရာ အခန်းထဲမှ ထွက်၍ သွားပြီး နေအိမ်ရှေ့ဧည့်ခန်း အမှောင်ထဲတွင် ရပ်နေသော ဗိုလ်ကြီးကြည်ထံသို့ သွားကာ တီးတိုးပြောနေကြသည်၊ ဘာ ပြောမှန်းမသိရ၊ မကြားရ။

"အိမ်ထဲကလူ အပြင်မထွက်ရဘူးဆိုတာ ဘယ်ဖြစ်မလဲရှင့် ဒီသတင်းစာတွေဘယ်လိုနေ့ရမလဲနယ်တွေမမှီဘဲနေမှာပေါ့"

ကျွန်တော်ဇနီးရိက တဘက်ရှိ သတင်းစာများ ခေါက်နေသည့်အခန်းမှဝင်လာပြီး ဒေါသပါသော လေသံဖြင့် ရဲအရာရှိများအား ပြောလေသည်။

သတင်းစာမှာ လူအိုရုံလမ်း သတင်းစာတိုက်တွင် ပုံနှိပ်ပြီး မန္တလေးလမ်းရှိ ကျွန်တော်၏နေအိမ်တဘက်ခန်းတွင် ဖြတ်ခြင်း ခေါက်ခြင်း၊ ထုပ်ပိုးခြင်း၊ စသည်တို့ကိုပြုလုပ်ပြီးနောက် ဤဒွာနမှတဆင့် လေကြောင်းရုံး၊ ကားဆိပ်၊ ဘူတာရုံနှင့်၊ သင်္ဘောဆိပ်များသို့ အချိန်မှီပို့ရသည် ဤသို့မပို့နိုင်ဘဲ အထုပ်တထုပ်ကလေကျန်ခဲ့ပါက နောက် ၂-ရက်လောက်အကြာတွင် ကိုယ်စားလှည်၏ ဆုသံ ပူသံ ကြိမ်းသံ မောင်းသံသည် တိုက်အုပ်ထံသို့ စာဖြင့်၄င်း၊ လူကိုယ်တိုင်လာ၍၄င်း၊ နားပူတတ်သည် ဤဒုက္ခကိုသိသဖြင့် ဇနီးသည်ကပြောခြင်းဖြစ်သည်။

မိုလ်ကြီးကြည်သည် ဧည့်ခန်းမှထွက်၍ သွားပြီး၊ အိမ်ရှေ့တွင်စောင့်ကြပ်နေသောရဲများအား မူလအမိန့်ကိုရုပ်သိမ်းလိုက်ပြီး ကားဖြင့်ထွက်ခွာသွားသည်။

ကဲများခင်များအခန်းကိုလဲ ရှာရအောင်ဟု ရဲမှူး ကိုအောင်ဖေက ပြုံးပြုံးရွှင်ရွှင်ပင်ပြောသည်။

ကိုလှဝင်းအခန်းတွင် မည်သည့်စာရွက်စာတမ်းနှင့် ဟရေးဝင်သော မည်သည့်ပစ္စည်းမျှမတွေ့၍ ကျွန်တော်၏ အခန်းတွင် ရှာဖွေချင်သေးသည်ဟု ကျွန်တော်ကနားလည်ထားပေသည်။

"လာရှာကြပါ" ဟုကျွန်တော်ကပြောကာ ကျွန်တော်၏



အိပ်ခန်းသို့ ဦးဆောင်၍ ခေါ်သွားပြီး ရဲအရာရှိများအား ရှာဖွေစေပါသည်။

အိပ်ယာ၊ ဘီဒိုးသေတ္တာများ၊ စာအုပ်စင်များ အခန်းတွင်းရှိ ပစ္စည်းအဝဝကို လှန်စေပါသည်၊ ဇနီးသည်၏ သံသေတ္တာတွင်းတွင် 'သားရေအိပ်ငယ်တလုံးနှင့် ထားသော စာခေါက်များကို သွား၍တွေ့လေပြီ....။

× × ×

ရဲအရာရှိသည် ကျေနပ်ဟန်ဖြင့် ၎င်းစာရွက်ခေါက်ကြီး တထပ်အား ဆွဲထုတ်ကာ မီးရောင်အောက်တွင် တရွက်ချင်းဖတ်လေသည်။

ကျွန်တော်ဘေးတွင်ရပ်၍ ကြည့်နေသောဇနီးသည်က ကျွန်တော်အား လက်တို့ကာတီးတိုးပြောသည်၊ ပြီးမှ 'ဒီစာတွေဟာ မောင်နှင့်ကျမတို့ ကြိုက်ကြတုန်းကသွီးရီးစားအဖြစ် အပြန်ပြန်အလှန်လှန်ပေးကြတဲ့ ရီးစားစာတွေပါ' ရိက ဤသို့ပြောရင်းရှက်စနိုးစွာဖြင့် ကျွန်တော်၏ပခုံးကိုကွယ်ကာ အသံထွက်အောင်ရယ်သည်။

ကျွန်တော်နှင့်တကွ ရဲအရာရှိများလည်း ပိုင်း၍ရယ်မိကြသည်၊ ၁၀-နှစ်ကျော်ကာလက တယောက်ကိုတယောက် ချစ်ကြိုက်ကြစဉ်ဝယ် ဖွဲ့ကြနွဲ့ကြသော ချစ်သဝဏ်လွှာများကို မပျောက်မပျက်ရစေရန် သိမ်းဆည်းထားသော ချစ်ဇနီးအားစိတ်ထဲမှ ချီးကျူးမိသည်။

ရဲအရာရှိများလည်း ဤစာများကို ယခင်ကလောက် မစူးစိုက်တော့ဘဲ သာမန်မျှသာ စစ်ဆေးသည်၊ ထိုနောက်အခန်းထဲ

တွင်ရှာဖွေရန် ဘာမျှမရှိတော့သဖြင့် အခန်းပြင်သို့ ထွက်ခဲ့ကြရင်း 'ကိုလှဝင်းဘယ်မှာအိပ်တယ်ဆိုတာ ခင်များမသိဘူးနော်' ဤမေးခွန်းမှာ ပြန်လည်၍ ပေါ်လာပြန်လေပြီ။

ကျွန်တော် မည်သို့ဖြေရမည်နည်း ဤမေးခွန်း၏အဖြေကို ဖြေပြီးခဲ့ပြီ မဟုတ်ပါလော'

'ဥက္ကဋ္ဌကြီးဘဲဗျာ ကျွန်တော်မှမသိတာ' ဤသို့သာညည်းမိသည်။

ရဲမှူးကိုအောင်ဖေက အတန်ငယ်စဉ်းစားပြီးသော် 'ကဲ-ဒါဖြင့်လဲဗျာ ကိုလှဝင်းမှမတွေ့တော့ ခင်များခဏလိုက်ခဲ့မေါ့'

ကျွန်တော်သည် ဤအပြောကို သက်သက်နောက်ပြောင်သည်ဟုထင်မိသည်၊ 'တကယ်လိုက်ရမှာလား' ဤသို့ပင်ပြန်မေးမိသည်။

'တကယ်ခဏလိုက်ခဲ့ပါ'

ကျွန်တော်၏စိတ်ထဲတွင် တခါမှမတွေ့ကြုံဘူး သေးသော ခံစားမှုကိုခံစားရသည်၊ ငယ်စဉ်တစ်၌ ဆွေစဉ်မျိုးဆက်ရဲဌာနဆိုလျှင် အဝေးကရှောင်ခဲ့သည်၊ တရားခံအဖြစ်နှင့်မရောက်ရေးကို တဘက်မှကြိုးစားခဲ့သလို၊ တရားလိုအဖြစ် မရောက်ရေးကိုလည်း နေရာတကာသည်းခံ၍ ကြိုးစားခဲ့သည်၊ သို့သော် ယခုရောက်ရပေတော့မည်၊ 'ခဏ'ဟုဆိုသဖြင့် ကျွန်တော်၏စိတ်အထင်တွင် ရဲအရာရှိများက ကျွန်တော်အား ရဲဌာနသို့ခေါ်ဆောင်သွားမည်၊ ထိုနောက်ကိုလှဝင်းရှိမည့် နေရာကိုအပြန်ပြန်အလှန်လှန် စစ်ဆေးမည်၊ ထိုနောက်မြန်၍ လွှတ်လိုက်မည်၊ ဒီလိုဘဲကျွန်တော်က တွေးမိသည်။



ကဲ-ရီ-မောင် ခဏလိုက်သွားဦးမယ်၊ မောင့်အနွေးထည်ယူပေးပါဟူ၍ ရဲအရာရှိများနှင့်အတူ ထိုင်နေရာ ထမင်းစားခန်းမှအနီးရှိ ဇနီးသည်အား ပြောလိုက်သည်။

'မောင်—မောင့်သားက သိတ်ကြောက်နေတယ် သူ့ကိုခဏခေါ်ထားလိုက်ပါဦး'

ဇနီးသည်က သားလတ်ကိုကျွန်တော်၏လက်ထဲသို့ထိုးပေးခဲ့ပြီး၊ အခန်းတွင်းသို့ဝင်သွားကာ အနွေးထည်များ သွားယူသည်။

အသက် ၇-နှစ်မျှရှိသေးသော သားလတ်-ချစ်ရီလေးသည် ဖခင်၏လက်ပေါ်မှ ဖခင်၏လည်တိုင်ကိုသိုင်း၍ ဖက်ထားပြီး အလွန်ကြောက်ရွံ့ တုန်လှုပ်နေပုံရသည်၊ ခြေဖျား၊ လက်ဖျားများပင် အေးစက်လျက်ရှိပြီး ၎င်း၏ရင်ခုံသံကို ကျွန်တော်ကြား၍ နေရလေသည်၊ ကျွန်တော်သည် သား၏ပါးကို ကျွန်တော်၏ပါးဖြင့် ကပ်ထားပြီး သားကိုဘင်းကြပ်စွာ ဖက်ထားမိပါသည်။

ဇနီးသည် ယူလာသော ကုတ်အင်္ကျီ မာဖလာလည်စီးနှင့် ၎င်းခံ သံပုရာခွံ ဦးထုပ်များကိုလှမ်းယူယင်း လက်ထဲမှသားကို ဇနီးအားလွှဲပြောင်းပေးလိုက်မိသည်။

ယခုမှ ခက်တော့သည်....

ကျွန်တော်ချီထားသောသားသည်၊ကျွန်တော်၏လည်တိုင်ကို ယခင်ထက်တင်းကြပ်စွာ ဖက်ထားရင်း 'ဟင်း—အင်း ဖေဖေ လိုက်မသွားရဘူး၊ လိုက်မသွားရဘူး'ဟု ရှိုက်ကြီးတငင် ဟစ်အော်၍ ငိုကြွေးတော့သည်။

သားလတ်၏ဝိုသံသည် အိမ်ရှေ့ခန်းတွင် အိပ်နေကြသော သားကြီး–ချစ်ရီဦးကိုရင်း၊ သားငယ် ချစ်ရီထွေးကိုရင်း၊ ကျွန် တော်၏အိပ်ခန်းရှိ ကုတင်ထက်ဝယ် တယောက်တည်း အိပ် ပျော်ကျန်ရှိသည့် သားသွီး ၄–ယောက်အနက် အငယ်ဆုံး ဖြစ်သူ သွီးနွယ်လွင်ဦးကိုရင်း၊ နိုးစေလိမ့်မည်၊ ၎င်းသားသွီး တစု နိုးလာပါက ယခုထက်ပိုမို၍ ခက်လိမ့်မည်။

ကျွန်တော်သည် ချီထားသောသားလတ်ကို ဇနီးသည်လက် သို့ ဖွတ်ပြောင်းလွှဲပေးသည်၊ သူကကုပ်ကပ်၍ ဖက်ထားသ လောက် ကျွန်တော်အတင်း ရုန်းတန်ကာရှိသည်၊ ဤသို့ဖြင့် သားလတ်သည် ကျွန်တော်၏ လက်မှ ဇနီးသည်၏လက်သို့ ရောက်သွားသည်၊ သူ၏ဝိုသံကားမစဲသေး....။

ကျွန်တော်သည် မျက်နှာပင်မသစ်တော့ဘဲ အနွေးထည်များ ကိုဝတ်ကာ 'ကဲသွားကြစို့' ဟု ပြောမိသည်။

ဇနီးသည်အား မည်သို့မျှမမှာကြားမိဘဲ ရဲအရာရှိများနှ အတူထမင်းစားခန်းမှ ထွက်ခဲ့ကြသည်။

'ဖေဖေလိုက်မသွားရဘူး ဖေဖေကို မခေါ်သွားပါနဲ့'

'ဖေဖေ မလိုက်ရဘူး၊ ဖွားဖွားကိုတိုင်ပြောမယ်' ဟူသေ သားလတ်၏ ဝိုကြွေးသံတို့သည် ကျွန်တော်၏ နှလုံးသားတို့အာ ကြီးစွာသော နာကျည်းမှုကို ဖြစ်စေသည်၊ ကျွန်တော်သ ဇနီး၏မျက်နှာကို တချက်မျှလှမ်း၍ကြည့်မိသည်၊ ဇနီး၏မျ လုံးအိမ်ထဲတွင် မျက်ရည်တို့သည် စို့လျက်ရှိသည်။

'ရီ–မောင်ခဏ လိုက်သွားအုံးမယ်နော်' ကျွန်တော် ဤမျှသာပြော၍ နေအိမ်မှထွက်ခဲ့ကာ ရဲအရာရှိများ၏ က ပေါ်သို့တက်ခဲ့သည်။



မည်သည့် ပစ္စည်းမှမပါ အဝတ်တထည် ကိုယ်တခုနှင့်သာ ဖြစ်ပေသည်။

လင့်ရိုဓါ ရဲကားကို ထိုးစိုက်ခဲ့ပြီး ကမာရွတ်ရဲဌာနာအတွင်း သို့ ဝင်ခဲ့ကြသည်။

ရဲမှူးကိုအောင်ဖေသည် ရဲဌာနတာဝန်မှူးအား ခေါ်ကာ စားပွဲတွင်ထိုင်ပြီး ၎င်းအိတ်အတွင်း အသင့်ယူလာသော ဝရမ်း အမိန့်စာရွက်များကို ထုတ်လိုက်သည်။

ဖမ်းဝရမ်း အမိန့်စာများမှာ ပုံစံစာရွက်များ ဖြစ်ပြီး စာရွက်အသီးသီးတွင် မည်သို့မျှရေးမထား မဖြည့်စွက်ရ သေးသော ဗလာပုံစံများဖြစ်ပြီး အောက်တွင် ဖမ်းဆီးသူ အရာရှိအဖြစ် အထူးသတင်း ထောက်လှမ်းရေးဌာန ရဲမင်း ကြီး ဦးဖေသန်း၏ လက်မှတ်များသာ အဆင်သင့်ထိုးပြီးသား ပါသော ဝရမ်းများသာဖြစ်သည်။

ကိုအောင်ဖေသည်ကျွန်တော်၏ အသက်အဘအမည်စသည် တို့ကို မေးမြန်းပြီး ပုံစံဇယားတွင် ဖြည့်စွက်လျက်ရှိသည်၊ ပြီးမှ ၎င်းဇယားကို ကမာရွတ်ရဲဌာနာ တာဝန်ကျ ရဲအရာရှိအား လှမ်းပေးကာ နေ့စဉ်မှတ်တမ်းတွင် မှတ်စေကာ ကျွန်တော် အား အဖမ်းပြပေသည်။

ကိစ္စ အားလုံးပြီးကာမှပင် ကျွန်တော်က ကျွန်တော်အား ပုဒ်မ၅(က)၁(ခ)ငြိမ်ဝပ်ပိပြားရေးပုဒ်မဖြင့် ဖမ်းဆီးကြောင်း သိရသည်။

ခင်ဗျားဘယ်ထောင် သွားချင်သလဲ။

'ဖမ်းမှတော့ ကောင်းမယ်ထင်တဲ့နေရာ ပို့ပေတော့ဗျို့' ကျွန်တော်ကဖြင့် ဒါဲပြောနိုင်တော့သည်။

အမိဝမ်းမှ ကျွတ်သည့် အချိန်ကစ၍ ကျွန်တော်ရရှိခဲ့သော လွတ်လပ်မှုအဝဝတို့မှာ ဖမ်းဆီးသည့် အချိန်မှစ၍ ဆုံးရှုံးခဲ့ပြီမဟုတ်ပါသလော။

ကျွန်တော်၏ ကိုယ်ပိုင်ခန္ဓာကိုယ်ဖြစ်သော်လည်း သူတို့စိတ်ဘဝဖြင့် နေထိုင်ရတော့မည်ဖြစ်သော ကျွန်တော်က ကြိုက်နှစ်သက်ရာထောင်ကို ရွေးချယ်ပေးရန် လိုပါသေးသလော။

ထို့ပြင်လောကတွင် ကြိုက်နှစ်သက်ရာ ထောင်ဟူ၍လည်း ရှိသင့်ပါသလော။

× × ×

ဒီလိုနှင့်ပင် ကျွန်တော်သည် ၁၉၅၀—ခုနှစ် ဒီဇင်ဘာလ ၂-ရက်နေ့တွင် အင်းစိန်တွဲဘက်ထောင်သို့ ရောက်ခဲ့သည်၊ ထိုမှ မြည်ထောင်၊ သရက်ထောင်၊ ပြီးတော့ဘဝ တသက်တာတွင် မမေ့နိုင်သော ကိုကိုးကျွန်း အကျဉ်းထောင် အင်းစိန်မဟုတ် ထောင်အစရှိသဖြင့် ထောင်အသီးသီးသို့ ရောက်ခဲ့ရသည်။

ကျွန်တော်အားဖမ်းပြီး မကြာမီပင် ကျွန်တော်အလွန်ပင် အနှစ်နှစ်အလလက မျှော်မှန်းချက်ကြီးစွာဖြင့် တည်ထောင်လာခဲ့ရသော လမ်းစဉ်သတင်းစာကို ပိတ်လိုက်ရသည်။

ဤသို့ပိတ်လိုက်ရသဖြင့် ကျွန်တော်ကြီးစွာသော ဆင်းရဲခြင်းကို ခံစားရမည်စိုး၍ ဇနီးသည်က ဖွင့်မပြော၊ ဤသတင်းကို ကျွန်တော်ထံမပေါက်ကြားအောင်ပိတ်ပင်၍ပင်ထားသေးသည်။

ကျွန်တော် မရှိသည့်နောက် အိမ်တအိမ်လုံး၏ စီးပွါးရေးယိမ်းယိုင်ကာ ဇနီးသည်,သည်၊ ဟိုမှဒီမှပြေးလွှားရင်းဖြင့် အသက်တည်ရေးကို ကြိုးစားနေရရှာသည်၊ သူလည်းကျန်းမာပုံမရ၊ ကျွန်တော်ဘာမျှ လုပ်မပေးနိုင်၊



တဆယ့်တလထဲတွင် ကျန်ခဲ့သော အငယ်ဆုံးသမီးသည် နှစ်ခါလည်ကျော်ပြီဖြစ်၍ ပြေးလွှားကစားရုံမျှမက စကားပင် ပြော၍နေချေပြီ သို့သော်ကျွန်တော်အား ဘခင်ဟူ၍မသိ၊ပြော၍လည်း မယုံအနားလည်းမကပ် တစိမ်းတရန်ဆံကဲ့သို့ ထင်မှတ်၍ပင်နေချေပြီ၊ မည်သို့မျှမတတ်နိုင်။

သား ၃-ယောက်ကား အရပ်အမောင်း ကြီးထွားလာသည်နှင့်အမျှ ပိန်ချုံးကာ အဖမဲ့သားများအဖြစ် မျက်နှာငယ်ကြရှာမည် ထောင်တွင်းသို့ရောက်ရှိနေသော ဖခင်အတွက်ကြေကွဲဝမ်းနည်းကြမည်ဖြစ်သော ဤသားသုံးယောက်၏ ဦးကျောက်များသည် လန်းဆန်းလာပါ ဦးမည်လော၊ မည်သို့ပညာကို ဆက်လက် သင်ကြားကြမည်နည်း ကျွန်တော်က မည် သို့ မျှ မတတ်နိုင်။

ကျွန်တော်အား ဖမ်းစဉ်က နေမကောင်းရုံမျှ ဖြစ်ခဲ့သော နေအိမ်ရှိ ဇနီးသည်၏ဖခင်အိုသည် ယခုအိပ်ယာပေါ်မှ လူးဝမထနိုင်တော့ဘဲ သေမည့်ရက်ကို စောင့်စားနေသည့်အဖြစ်ကိုတွေ့ရှိနေရသည်။

ကျွန်တော်က ဘာတတ်နိုင်ပါမည်နည်း။

ကျွန်တော့အား ဤဘဝသို့မွေးကာ ပို့ဆောင်ခဲ့သော ကျေးဇူးရှင်မိခင်သည် ကျွန်တော်အား ဖမ်းဆီးပြီးချိန်မှစ၍ အစားတရှောင်ရှောင်ဖြစ်၍လာပြီး လေဖြတ်ကာ ယခုအိပ်ယာထက်လဲလျောင်းကာ ကျွန်တော်အား တမ်းတလျက်ရှိသည်ဟု သိရသည်၊ အသက် ၆၀-ကျော်မျှရှိ၍ အိုမင်းလှပြီဖြစ်သော ဤမိခင်အား မမာမကျန်းဖြစ်စဉ် ကျွန်တော်သည် ပြုစုခွင့်ကိုရရှိပါဦးမည်လော။

ကျွန်တော် မဖြေတတ်၊ ကျွန်တော်ဘာတခုမျှ မဖြေတတ်တော့ပါ၊ ကျွန်တော်၏ဘဝသည် ဆုံးခဲ့ပြီမဟုတ်ပါလော။

× × ×

ယခု ကျွန်တော်၏ ဘဝသည် လွတ်ရက်တွက်၍ မရသော ပုဒ်မ ၅, အချုပ်သားဘဝသာ ဖြစ်ပေသည်၊ လူသတ်မှုဓါးပြမှုဒိန်းမှုစသည့် စသည့်ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သူ များပင် လျှင်ရှင်းတို့၏လွတ်ရက်ကို လက်ချိုးရေတွက်၍ ရပေသည်။

ကျွန်တော်ကား ဘယ်သို့တွက်ချက်ရမည်နည်း။

'ခဏ'ဟူသော စကားကို ယခုကျွန်တော် သံသယရှိလာသည်။ စာဖတ်သူနှင့် ကျွန်တော်တို့ သုံးစွဲကြသော 'ခဏ'ဟူသည့် ဝေါဟာရမှာ အချိန်ကာလအတိုင်း အတာဟူ၍ ရှိသောခဏဖြစ်ပြီး ရဲအရာရှိများ သုံးစွဲပြောဆိုသည့် 'ထိုခဏ' တွင်ကား အချိန်ကာလ အတိုင်းအတာဟူ၍မရှိ အဆုံးအစမရှိသော 'ထိုခဏ'သာဖြစ်၍ ဤခဏသည် ၁-နှစ် ၅ လနှင့် ၁၂-ရက်ခံခဲ့ရပေသည် ကျွန်တော်အတွက်'ဘဝတဘဝ'သာ ဖြစ်ခဲ့ချေပြီတကား။ ။